mgyoe.com

# အကောင်းဆုံးက လက်တစ်ကမ်းမှာ

ဟေမာန်အိမ့်

# IT'S NOT HOW GOOD YOU ARE, IT'S HOW GOOD YOU WANT TO BE.

PAUL ARDEN

mgyoe.com

mgyoe.com

# အကောင်းဆုံးက
# လက်တစ်ကမ်းမှာ

ဟေမာန်အိမ်

# IT'S NOT HOW GOOD YOU ARE, IT'S HOW GOOD YOU WANT TO BE.

PAUL ARDEN

mgyoe.com

mgyoe.com

အကောင်းဆုံးက လက်တစ်ကမ်းမှာ
ဟေမာန်အိမ့်

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၀၅၂ ၀၁၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၃၉၀ ၀၄၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အပ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၁၃၁ · ၃
ဟေမာန်အိမ့်
အကောင်းဆုံးက လက်တစ်ကမ်းမှာ /
ဟေမာန်အိမ့်- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၁၂၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) အကောင်းဆုံးက လက်တစ်ကမ်းမှာ

၂၀၁၂၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ကျောင်းဈေး ၁ ၅ ၀ ၀ ကျပ်

mgyoe.com

mgyoe.com

"ချမ်းသာကြွယ်ဝခြင်း၏ အကြောင်းရင်းမှာ
အဘယ်နည်း"

"ချမ်းသာကြွယ်ဝခြင်း၏ အကြောင်းရင်းမှာ
ချမ်းသာကြွယ်ဝလို သော စိတ်ကြောင့်ပင် ဖြစ်၏"

mgyoe.com

mgyoe.com

------ အတွက်

mgyoe.com

mgyoe.com

# "အကောင်းဆုံးက လက်တစ်ကမ်းမှာ"

mgyoe.com

mgyoe.com

"သင် ရောက်လိုသောနေရာကို
ရောက်ရန်မှာ သင့်၌ရှိသော
ကျွမ်းကျင်လိမ္မာမှုနှင့်သာ
သက်ဆိုင်သည်"

mgyoe.com

mgyoe.com



"ရည်မှန်းချက်ပန်းတိုင်မရှိဘဲ
အောင်မြင်မှုမရနိုင်"

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

၁။ ကျွန်တော်တို့ဟာ သာမာန်အနေအထားလောက်ပဲ လိုအပ်တဲ့အချိန်မှာ ထူးခြား
ကောင်းမွန်မှုတွေအတွက်ဘာကြောင့် ကြိုးပမ်းရှာဖွေနေမလဲ .... ၁၀
၂။ သင်ဘယ်လောက်ထိ တော်ချင်သလဲ .......... ၁၂
၃။ သင့်အတွက် လက်လှမ်းမမီတဲ့ နေရာဆိုတာ မရှိပါဘူး ........ ၁၇
၄။ ကျွန်မ Persil Automatic (အစွန်းချွတ်ဆေး)လောက် နာမည်ကြီးချင်တယ်။
(ဗစ်တိုးရီးယား ဘက်ခ်ဟမ်း) .......... ၁၈
၅။ အထက်တန်းကျောင်းမှာတုန်းက ထူးချွန်ခဲ့တဲ့ ကျောင်းသားတွေဟာ လက်တွေ့
ဘဝမှာ အောင်မြင်မှုမရရှိတတ်တာကို သင် သတိထားမိရဲ့လား။..... ၂၀
၆။ စွမ်းအင် .... ၂၄
၆။ ချီးမွမ်းခံရခြင်းထက် ဝေဖန်ခံရခြင်းက ပိုကောင်း၏။ ...... ၂၆
၇။ မိမိကိုယ်ကို အပြစ်တင်ပါ .............. ၂၈
၈။ သင့် စိတ်ကူး အကြံဉာဏ်များကို ထိန်ချန်မထားပါနှင့် ...... ၃၀
၉။ နောက်ထပ်အခွင့်အရေးကို စောင့်နေမယ့်အစား ယခု သင့်လက်ထဲမှာ ရှိတဲ့
အခွင့်အရေးကို ရယူပါ။ ................ ၃၂
၁၀။ အပြုသဘောကို ဆောင်ပြီး အပျက်သဘောကို ရှောင်ပါ။ ....... ၃၄
၁၁။ သင်မလုပ်နိုင်သော ကိစ္စအတွက် ကတိမပေးပါနှင့်။ ............... ၃၅
၁၂။ သင်၏ တတ်သိလိမ္မာမှုကို အဖွဲ့အစည်းရှေ့တွင် မထားပါနှင့် ... ၃၆
၁၃။ သင်မပေးနိုင်တာအတွက် ကတိမပေးပါနှင့် .... ၃၈

mgyoe.com

mgyoe.com

၁၂။ သင့်အလုပ်အပ်သူရဲ့ လိုအပ်ချက်ကို သိအောင် ကြိုးစားပါ။ ...... ၄၀
၁၃။ သင့်ကို အလုပ်အပ်သူက သင်ပေးတာကို မယူတဲ့အခါ သင်
ဘယ်လိုလုပ်မလဲ ........... ၄၂
၁၄။ မဖြစ်နိုင်ဘူး၊ မလုပ်နိုင်ဘူးဟု ဘယ်တော့မှ မပြောပါနှင့်။ .......... ၄၄
၁၅။ အမှားအယွင်းနဲ့ ကျရှုံးမှုတွေသာမရှိလျှင် အောင်မြင်မှုလဲ
ရှိမှာ မဟုတ်ပါဘူး။ ............ ၄၈
၁၆။ အမှန်ဖြစ်ဖို့ မှားရဦးမယ်။ .......... ၅၂
၁၇။ ဆန်းပြားတဲ့စိတ်ကူးတွေကို ချပြဖို့ မစိုးရိမ်ပါနှင့် .... ၅၄
၁၈။ သင်၏ ကတ်များကို မှန်မှန်ကန်ကန် အသုံးချပါ .... ၆၀
၁၉။ သင် သိတဲ့အရာ မဟုတ်ဘူး၊ သင် သိတဲ့သူ .... ၆၂
၁၇။ စကားများများပြောခြင်းထက် တင်ဆက်ပြသမှုကို ပိုလုပ်ပါ။ ..... ၆၄
၁၈။ အလုပ်ပြုတ်တာဟာ အလုပ်ကောင်းတစ်ခုထပ်ရဖို့ အခွင့်
အရေး ဖြစ်နိုင်ပါတယ်။ ........ ၆၆
၁၉။ ဖွဲ့စည်းပုံအပြင်အဆင်တစ်ခုကို ပြုလုပ်တာဟာ စိတ်ကူးဉာဏ်
ကွန့်မြူးခြင်းပါ။ .......... ၇၀
၂၀။ သင့်ကြော်ငြာကို အားနည်းချက်ရှိသော နေရာမှစတင်ပါ။.......... ၇၄
၂၁။ အကြမ်းသတ်မှတ်ထားသောစိတ်ကူးက အပြီးတိုင်အချောသပ်ပြီးသော ပုံစံ
ထက် ပိုပြီး အလုပ်ဖြစ်နိုင်တယ်။ ............... ၇၆
၂၂။ ဘာအကြံဉာဏ်မှ မထွက်တဲ့အခါ သင့်ရဲ့ စာရေးကိရိယာကို
ပြောင်းသုံးပါ ...... ၇၈
၂၂။ သင့်အား အကူအညီ အထောက်အပံ့ပေးသောသူများသည်လည်း သင့်တော်
သလောက်သာ တော်ကြသည်။ ................ ၈၀
၂၃။ အတော်ဆုံးသူများနှင့် တွဲဖက်လုပ်ကိုင်ရန် မကြောက်ရွံ့ပါနှင့်။.... ၈၂
၂၄။ ကြော်ငြာလောကမှ ရုန်းထွက်ပါ။ .................... ၈၄
၂၅။ ဆုတံဆိပ်များကို မမျှော်မှန်းပါနှင့်။ ................. ၈၆
၂၆။ သင်၏ ကုမ္ပဏီကို အောင်မြင်မှုရအောင် သင်
ဘယ်လို လုပ်နိုင်မလဲ။ ............................. ၉၀
၂၇။ အကြီးတန်းမန်နေဂျာတစ်ယောက်က ဘယ်လိုပြောင်းလဲမှု
လုပ်ပေးနိုင်သလဲ။ ........................ ၉၄
၂၈။ အငယ်တန်းစာရင်းကိုင်တစ်ယောက်က ဘယ်လို

mgyoe.com

mgyoe.com

အပြောင်းအလဲတွေ လုပ်ပေးနိုင်သလဲ .... ၉၁
၂၉။ ကြော်ငြာမန်နေဂျာတစ်ယောက်က ဘယ်လို
ကွဲပြားခြားနားမှုတွေ လုပ်နိုင်သလဲ .... ၉၇
၃၀။ ဖန်တီးမှုဆိုသည်မှာ အဘယ်နည်း .... ၁၀၀
၃၁။ သင့်ရဲ ဖန်တီးမှုစွမ်းရည်ကို ဘယ်လို မြှင့်တင်မလဲ .... ၁၀၀
၂၈။ ကျွန်ုပ်၏ အကောင်းဆုံး အချိန်နာရီများ .............. ၁၀၂
၂၉။ တရားဟောစင်မြင့်ထက်က မှတ်စုများ ................ ၁၁၄
၃၂။ လူ့ဘဝ သက်ဝင်လှုပ်ရှားမှု စက်ဝိုင်း ..... ၁၁၆
၃၃။ ရှင်လန်းထက်သန်၍ ပညာဉာဏ် မြင့်မားစေမည့်
အဆိုအမိန့်များ ..... ၁၁၈

❐

mgyoe.com

mgyoe.com

"ကျွန်ုပ်တို့ဟာ သာမန်အနေအထားလောက်ကိုပဲ လိုအပ်တဲ့အချိန်မှာ ထူးခြားကောင်းမွန်မှုတွေအတွက် ဘာကြောင့်ကြိုးပမ်းရှာနေမလဲ"

---

စီးပွားရေးလောကမှာ ထူးခြားမှုထက် သမားရိုးကျကို ပိုပြီး လိုအပ်ပါတယ်။

ဥပမာအနေနဲ့ ကျွန်တော်တို့ရဲ့ ကမ္ဘာလောကကြီးကို အံ့သြစရာကောင်းတဲ့ ဝယ်ယူသုံးစွဲသူများနေထိုင်တဲ့ ကမ္ဘာကြီးအဖြစ် မှတ်ယူလိုက်ပါ။ အဲဒီကမ္ဘာကြီးမှာ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ထုတ်လုပ်ချင်တဲ့ ပစ္စည်းတွေကို ကန့်သတ်ချက် အဆီးအတားမရှိဘဲ ထုတ်ချင်သလို ထုတ်မယ်။ လူတိုင်းဟာ ငြီးငွေ့စရာကောင်းတဲ့ စားသုံးသူတွေရဲ့ အချုပ်အနှောင်မရှိဘဲ ကိုယ်ထုတ်ချင်တာကို ကြိုက်သလို လွတ်လွတ်လပ်လပ် ထုတ်လုပ်ခွင့်တွေရနေမယ်ဆိုလျှင် ကျွန်တော်တို့ ဘာလုပ်ကြမလဲ။

ရေရှည်မှာ ဒါဟာ အလွန်ပျင်းစရာကောင်းတာပဲလို့ ကျွန်တော်တို့ ပြောလာမှာပဲ။ လူတိုင်း ထုတ်လုပ်သူဖြစ်နေတဲ့နေရာ၊ ပိတ်ပင်ကန့်သတ်ချက် မရှိဘဲ အရည်အသွေး မီသည်ဖြစ်စေ၊ မမီသည်ဖြစ်စေ၊ ထုတ်ချင်သလို ထုတ်တဲ့နေရာမှာ စံနှုန်းတန်ဖိုးသတ်မှတ်ချက်တွေ ပျောက်ကွယ်သွားမှာပါ။ ဒါကို ကျွန်တော်တို့ ဆန့်ကျင်ရပါမယ်။

ဆန့်ကျင်တဲ့အမြင်ရှိတာဟာ တီထွင်ဖန်တီးထားတတ်သူတွေရဲ့ သဘာဝပါ။ တီထွင်ဖန်တီးဉာဏ်ရှိတဲ့သူတွေမှာ ဆန့်ကျင်တော်လှန်စရာ အကြောင်းအရာတစ်ခုခု

mgyoe.com

mgyoe.com


အမြဲရှိပါတယ်။ ဒါက သူတို့ဘဝတွေကို စိတ်လှုပ်ရှားမှု ပေးစွမ်းနိုင်ပါတယ်။ တစ်ခါစားသုံးသူတွေကို စိတ်လှုပ်ရှားစရာတွေ ပေးဝေနိုင်တာကတော့ တီထွင်ဖန်တီးသူတွေပဲ ဖြစ်ကြပါတယ်။



mgyoe.com

mgyoe.com

# "သင် ဘယ်လောက်အထိ တော်ချင်တာလဲ"



မဆိုးပါဘူး။ တော်တယ်။ အရမ်းတော်တယ်။

mgyoe.com

mgyoe.com



သင့်နယ်ပယ်မှာတော့ အတော်ဆုံး



တစ်ကမ္ဘာလုံးမှာ အတော်ဆုံး

mgyoe.com

mgyoe.com

ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ အလုပ်ခွင်မှာ တော်တဲ့သူတွေ ဖြစ်ချင်ကြပါတယ်။ ဒါပေမဲ့ ဘယ်လောက် အနေအထားရောက်အောင် တော်ချင်တတ်ချင်တာလဲ။

အသင့်အတင့်ပဲလား။

တော်တယ်။

အရမ်းတော်တယ်။

ကိုယ့်နယ်ပယ်မှာ ကိုယ် အတော်ဆုံးလား။ ဒါမှမဟုတ် ကမ္ဘာပေါ်မှာ အကောင်းဆုံးအတော်ဆုံးသူ ဖြစ်ချင်တာလား။

သင့်မှာရှိတဲ့ အစွမ်းအစက သင့်ကို ကူညီနိုင်ပါတယ်။ ဒါပေမဲ့ သင့်မှာ ရည်မှန်းချက်ရှိမှ ဖြစ်မှာပါ။

လူတိုင်းလူတိုင်း တော်တဲ့သူတွေ ဖြစ်ချင်ကြပါတယ်။ ဒါပေမဲ့ အများစု ဟာ အောင်မြင်မယ့် လူတစ်ယောက်ဖြစ်ဖို့ စွန့်လွှတ်ရမှာတွေအတွက် ကြိုတင် ပြင်ဆင်မှု မရှိကြပါဘူး။

လူအတော်များများက အထင်ကြီးခံရဖို့ကို ပိုပြီး အရေးကြီးတယ်လို့ ထင်ပါတယ်။ ဟုတ်ပါတယ်။ ဒါဟာလည်း အရေးကြီးတဲ့ အရည်အချင်းတစ်ရပ်ပါပဲ။ ဒါပေမဲ့ တော်တာနဲ့ အထင်ကြီးခံရတာကို မရောထွေးစေချင်ဘူး။


လူအများစုကတော့ တော်တဲ့လူတစ်ယောက် ဖြစ်လာစေမယ့် နည်းလမ်းအဖြေကို လိုက်ရှာနေကြပါတယ်။

ဒါပေမဲ့ အဲဒီအတွက်အဖြေဟာ အဆင်သင့် မရှိနိုင်ပါဘူး။ ဒါကိုသိမြင်ဖို့ရာကတော့ သင် လုပ်ခဲ့တဲ့ အမှားတွေနဲ့၊ သင်ရခဲ့တဲ့ အတွေ့အကြုံတွေမှတစ်ဆင့် ပြန်လည် သင်ယူရမှာပါ။

ဒီနည်းနဲ့ သင်ဟာ သင်ဖြစ်ချင်တဲ့လူတစ်ယောက် ဖြစ်လာအောင် ကြိုးစားရမှာပါ။


mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ''သင့်အတွက် လက်လှမ်းမမီတဲ့နေရာဆိုတာ မရှိပါဘူး''

ပထမဆုံး သင်စွမ်းဆောင်နိုင်တဲ့ အနေအထားထက် ပိုပြီး ရည်မှန်းချက် ထားရပါမယ်။

သင့်ရဲ့ စွမ်းဆောင်နိုင်စွမ်းဟာ ဘယ်အတိုင်းအတာမှာ ရပ်တန့်သွားမယ်ဆိုတာကို ပုံသေသတ်မှတ်မထားဘဲ လျစ်လျူရှုနိုင်အောင် ကြိုးစားရပါမယ်။

သင်မတတ်နိုင်၊ မလုပ်နိုင်တဲ့ ကိစ္စတွေကို ကြိုးစား လုပ်ဆောင်ကြည့်ပါ။

အကောင်းဆုံး ကုမ္ပဏီတစ်ခုမှာ အလုပ်မရနိုင်ဘူးလို့ သင့်ကိုယ်သင် ထင်ထားလျှင် အဲဒီကုမ္ပဏီမှာ အလုပ်ရဖို့ကို သင့်ရဲ့ ရည်မှန်းချက်အဖြစ် သတ်မှတ်ပါ။

သင်ဟာ အလုပ်တစ်ခုခုကို ဦးဆောင်လုပ်ကိုင်နိုင်စွမ်း မရှိဘူးလို့ ကိုယ့်ကိုယ်ကို ယူဆလျှင် ဒါကို လုပ်ကြည့်ဖို့ သင့်ရဲ့ ရည်မှန်းချက်အဖြစ် ထားပါ။

တိုင်းမဂ္ဂဇင်းမျက်နှာဖုံးမှာ သင်နှင့်သင့်လုပ်ငန်း အကြောင်း ပါဖို့ မဖြစ်နိုင်ပါဘူးလို့ထင်လျှင် ရအောင်လုပ်ဖို့က သင့် တာဝန်ပါ။

အဓိကက သင်ရောက်ချင်တဲ့၊ ဖြစ်လိုတဲ့အရာကို ရှင်းရှင်းလင်းလင်း သိမြင်နိုင်တဲ့ အမြင်ရှိဖို့ပါပဲ။

မဖြစ်နိုင်ဘူးဆိုတာ ဘာမှ မရှိပါဘူး။

mgyoe.com

mgyoe.com

# "ကျွန်မ Persil Automatic (အစွန်းချွတ်ဆပ်ပြာမှုန့်)လောက် နာမည်ကြီးချင်တယ်"

(ဗစ်တိုးရီးယား ဘက်ခ်ဟမ်း)

ဗစ်တိုးရီးယားဘက်ခ်ဟမ်း ဆယ်ကျော်သက်အရွယ်တုန်းက သူမရဲ့ ရည်မှန်းချက်ဟာ သူငယ်ချင်းတွေထက် ပိုတော်နေဖို့ မဟုတ်ပါဘူး။ အဆိုတော်တစ်ယောက်ဖြစ်ဖို့လည်း မဟုတ်ပါဘူး။ သူမ ဖြစ်ချင်တာက လူတိုင်းသိတဲ့ အစွန်းချွတ်ဆပ်ပြာမှုန့်တံဆိပ်တစ်ခုလိုမျိုး နာမည်ကြီးချင်တာပါ။

သူမဟာ ဒါကို စိတ်ကူးယဉ်သက်သက်မဟုတ်ဘဲ အမှန်တကယ်ဖြစ်လာဖို့ ရည်မှန်းချက်ထားခဲ့တာပါ။ ဒါဟာ ကျွန်တော်တို့ အများစုနဲ့ သူမရဲ့ မတူကွဲပြားချက်ပါပဲ။

သူမ ဘယ်လောက်တော်တယ်ဆိုတာ အရေးမကြီးပါဘူး။ တော်အောင် သူမ ဘယ်လိုလုပ်ခဲ့တယ်ဆိုတာသာ ပဓာနကျတာပါ။

သူမ ပြောခဲ့တဲ့စကားထဲမှာ စိတ်ဝင်စားစရာ ကောင်းတာက သူမဟာ သူမကိုယ်သူမ ဂျော့ချ်မိုက်ကယ်၊ မာရီယာကာရေးတို့နဲ့ မနှိုင်းယှဉ်ဘဲ အစွန်းချွတ်ဆပ်ပြာမှုန့်တံဆိပ်တစ်ခုကိုပဲ သူမရဲ့ စံနှုန်းအဖြစ် သတ်မှတ်ပြီး ကြိုးစားခဲ့တာကိုပါပဲ။

ဒါဟာ သင့်အတွက် ရယ်စရာကောင်းနေပါလိမ့်မယ်။ ဒါပေမဲ့ ဒီကနေ့ ဗစ်တိုးရီးယားဘက်ခ်ဟမ်းရောက်ရှိနေတဲ့ နေရာဟာ ဒီလိုမြင့်မားတဲ့ ရည်မှန်းချက်စစ်စစ်ကြောင့် ဖြစ်တယ်ဆိုတာကိုတော့ ငြင်းစရာလိုမယ် မထင်ပါဘူး။

mgyoe.com

mgyoe.com




mgyoe.com


mgyoe.com

အထက်တန်းကျောင်းတုန်းက ထူးချွန်ခဲ့တဲ့ ကျောင်းသားတွေဟာ လက်တွေ့ဘဝမှာ အောင်မြင်မှု မရရှိတတ်တာကို သင် သတိထားမိရဲ့လား”

ကျောင်းမှာ သင် သင်ကြားရသမျှဟာ သိပြီးသား အချက်အလက်တွေပဲ ဖြစ်ပါတယ်။

ကျောင်းမှာ သင်လုပ်ရမယ့်အလုပ်က အချက်အလက်တွေကို စုဆောင်းဖို့နဲ့ မှတ်သားဖို့ပါ။ သင် များများ မှတ်မိလျှင် သင့်ကို လူတော်အဖြစ် သတ်မှတ်ခံရမှာပါ။

ကျောင်းစာမှာ ညံ့ကြသူတွေဟာ အချက်အလက်တွေကို စိတ်မဝင်စားပါဘူး။ ဒါမှမဟုတ် ဒီအချက်အလက်တွေကို သူတို့ စိတ်ဝင်စားအောင် သင်ကြားစည်းရုံးမှုမျိုး မရှိခဲ့တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။




mgyoe.com

တချို့သူများဟာ မှတ်သားနိုင်စွမ်း အားနည်းကြပါတယ်။ ဒါကြောင့် သူတို့ကို ညံ့တယ်လို့တော့ မဆိုသာပါဘူး။ သူတို့ရဲ့ နောက်မှာ ပဲ့ကိုင်လမ်းပြကောင်းတစ်ယောက်ရှိပြီး သူတို့ရဲ့ စိတ်ကူးစိတ်သန်းတွေကို လမ်းဖွင့်ပေးဖို့ပဲ လိုအပ်တာပါ။

သမားရိုးကျ တော်ကြတဲ့သူများဟာ သူတို့ရဲ့ အရည်အချင်းအလိုက် အလုပ်အကိုင်များ ရရှိကြပါတယ်။ ဒါပေမဲ့ အနာဂတ်မှာ အောင်မြင်ဖို့ကတော့ မလွယ်ပါဘူး။

ဒါဟာ မထူးဆန်းပါဘူး။ သူတို့ထက် ကောင်းအောင်၊ သာအောင် သူတို့နောက်ကနေပြီး အဆက်မပြတ် ကြိုးပမ်းနေကြသူများက သူတို့နေရာကို ဝင်ယူသွားကြနိုင်လို့ပါပဲ။

ဒါကြောင့် ပြောချင်တာက ရည်မှန်းချက်ဆိုတာ ရှိနေသရွေ့ အောင်မြင်မှုကို ကန့်သတ်ထားဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး။



mgyoe.com

# "အခြေခံ အပိုင်းအစ ၄ များ"

mgyoe.com

mgyoe.com

# စွမ်းအင်

အလုပ်မှာ စွမ်းအင်ရဲ့ အရေးပါမှုက ၇၅% ရှိပါတယ်။
ဒါမရှိလျှင်တော့ သတိထားပြီးသာ နေပါ။



mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

# ''ချီးမွမ်းခံရခြင်းထက် ဝေဖန်ခံရခြင်းက ပိုကောင်း၏''

အများစုသော လူတို့သည် ဝေဖန်ခံရခြင်းထက် ချီးမွမ်းခံရခြင်းကို ပို၍ နှစ်သက်ကြသည်မှာ ဓမ္မတာပင် ဖြစ်သည်။ ဝေဖန်ခြင်းခံရပြီဆိုလျှင်လည်း ကောင်းမွန်သော အစိတ်အပိုင်းကိုသာ ထုတ်ယူကျေနပ်ကြပြီး မိမိ မနှစ်သက်သော ဝေဖန်မှုမျိုးကို လျစ်လျူရှု မေ့ဖျောက်ပစ်ကြသည်။

သင် ပြုလုပ်ထားသော အလုပ်တစ်ခုကို သင် ကိုယ်တိုင်ကလည်း ကျေနပ်သည်။ အများ၏ သင့်အပေါ် ဝေဖန်မှုကလည်း ကောင်းမွန်သည်ဟု ဆိုကြပါစို့။ သို့သော် သင်သည် ဤအတိုင်း ကျေနပ်မသင့်ပါ။

သင်၏အလုပ်အား အမှန်တရားလည်း ဖြစ်ပြီး အကောင်းဆုံး သုံးသပ်ဝေဖန်မှုကို ပေးစွမ်းနိုင်သော အဖြေကို ရှာပါ။ သင်ကိုယ်တိုင်ကလည်း နီးစပ်ရာ မိတ်ဆွေ သူငယ်ချင်းများထံမှ အပွင့်လင်းဆုံးဝေဖန်မှုများကို တောင်းခံပါ။

သင်သည် ပြုလုပ်ထားသော အလုပ်ကို ယခုထက်ပို၍ ကောင်းမွန်ပြည့်စုံအောင် လုပ်ဆောင်နိုင်မည်

mgyoe.com

mgyoe.com

ဖြစ်သည်။ သို့မဟုတ် ၎င်းတို့၏ ဝေဖန်မှုများသည် သင့်အလုပ်ကို အထူးတလည် အထောက်အပံ့မဖြစ်နိုင်ဟု သင် ယူဆပါလျှင်လည်း သင် လုပ်ဆောင်ထားသော အလုပ်မှာ ပျက်စီးသွားမည် မဟုတ်ပါ။ မူလ အခြေအနေတွင် ဆက်လက်ရှိနေမည် ဖြစ်သည်။

mgyoe.com

mgyoe.com

# "မိမိကိုယ်ကို အပြစ်တင်ပါ"

မှားယွင်းသည့် အဖြစ်အပျက်တစ်ခုတွင် သင် ပါဝင်မိသည် ဆိုပါစို့။ အခြားသူများအား ဘယ်တော့မှ အပြစ်မတင်ပါနှင့်။ သင့်ကိုယ်သင်သာ အပြစ်တင်ပါ။

သင်လုပ်ကိုင်ခဲ့သမျှ အလုပ်အားလုံးအတွက် အဓိက တာဝန်ရှိသူမှာ သင်ကိုယ်တိုင် ဖြစ်သည်ကို လက်ခံပါ။

အောက်တွင် ဖော်ပြထားသော ဆင်ခြေပေးမှု အချို့သည် သင့်အား ကျရှုံးမှုသို့ တွန်းပို့မည့် အရာများ ဖြစ်သည်။

၁။ ဒီ စိတ်ပျက်စရာ အစီရင်ခံစာကြောင့်ပဲ။

၂။ ငါ့အတွက် သူ့ထက်ကောင်းတဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်လိုတယ်။

၃။ ဒါကို ကောင်းကောင်းလုပ်နိုင်ဖို့ ငါ့မှာ ပိုက်ဆံ လုံလုံလောက်လောက် မရှိခဲ့ဘူး။

၄။ အကြီးအကဲက ငါပြောတဲ့အကြံဉာဏ်ကို လက်ခံမှာ မဟုတ်ဘူး။

၅။ ငါ တခြားကိစ္စတွေနဲ့ အလုပ်ရှုပ်နေလို့ ဒီလို ဖြစ်တာပါ။

၆။ ငါ့မှာ ဒါကိုလုပ်ဖို့ အချိန်လုံလုံလောက်လောက် မရခဲ့ဘူး။

၇။ သူ ငါ့ဆီက အကောင်းဆုံးအကြံဉာဏ်တွေ ထုတ်ယူသွားတာပဲ။

အထက်မှာဖော်ပြထားတဲ့ မိမိကိုယ်ကိုဖြေသိမ့်တဲ့

mgyoe.com

mgyoe.com

ဆင်ခြေတွေဟာ နေ့စဉ်နေ့တိုင်း အလုပ်ခွင်တိုင်းမှာ ကြုံတွေ့နေရတဲ့ ဖြစ်စဉ်တွေရဲ့ ရလာဒ်ပါ။ ဒါဟာ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါဘူး။

အဓိကအချက်ကတော့ ဘယ်သူတွေ ဘယ်လိုပဲ လဲပြိုကျရှုံးပစေ။ သင့်မှာ တာဝန်ယူတတ်တဲ့ စိတ်ဓာတ်ရှိမယ်ဆိုရင် သင် တစ်နေ့အောင်မြင်မှာ မလွဲပါဘူး။ သင့်အတွက် ဆင်ခြေဆိုတာ မရှိပါစေနဲ့။



ငန်းက သူ့ကို အပြစ်တင်ပြီး သူက ငန်းကို အပြစ်ဖို့ပါတယ်။

mgyoe.com

mgyoe.com

## "သင့် စိတ်ကူးအကြံဉာဏ်များကို ထိန်းချုန်မထားပါနှင့်"

"သင် သိသမျှ အားလုံးကို ဝေမျှပါ။ ထို့ထက်ပို၍ သင့်ထံ ပြန်လာပါလိမ့်မည်"

---

သင့်ကျောင်းသားဘဝမှာ အချို့သော ကျောင်းသားတွေဟာ သူတို့အဖြေလွှာကို ဆားလူ ကူးယူလို့မရအောင် လက်ဖြင့် အုပ်ပြီးရေးတာမျိုးကို သင် ကြုံတွေ့ဖူးမှာပါ။

အလုပ်ခွင်ထဲမှာလည်း ထို့အတူပါပဲ။ လူတွေက သူတို့ရဲ့ အကြံဉာဏ်တွေကို လျှို့ဝှက်ထားတတ်ကြပါတယ်။ တစ်စုံတစ်ယောက်က သူတို့ရဲ့ အကြံဉာဏ်တွေကို သိသွား ခဲ့လျှင် ဒါကို ခုတုံးလုပ်ပြီး အမြတ်ထုတ်မှာကို စိုးရိမ်လို့ပါ။

ဒီလို ဖုံးကွယ်လျှို့ဝှက်ထားခြင်းဟာ နောက်ဆုံးမှာ သင့်ကို အကြံဉာဏ်ကောင်းတွေ၊ နည်းလမ်းကောင်းတွေနဲ့ ဝေးရာကို ရောက်သွားစေပါလိမ့်မယ်။ သင့်ရဲ့ အစွမ်းအစတွေ တဖြည်းဖြည်း တုံးသွားပါလိမ့်မယ်။

သင်သာ သင်သိသမျှအရာအားလုံးကို ဝေမျှပေးလိုက်မယ်ဆိုလျှင် သင့်မှာ ဘာမှ ကျန်မှာမဟုတ်ပါဘူး။ ဒါက သင့်ကို ထပ်မံရှာဖွေဖို့၊ စူးစမ်းဖို့၊ ဖြည့်တင်းဖို့ တွန်းအားပေးပါလိမ့်မယ်။

တစ်နည်းအားဖြင့် သင် များများပေးလေလေ၊ သင့်ဆီကို များများ ပြန်လာလေပဲ ဖြစ်မှာပါ။

စိတ်ကူးတွေကို လုံးဝ ထိန်းချုန်ထားခြင်း မပြုပါနဲ့။

mgyoe.com

mgyoe.com

ကိုယ်ပိုင်အဖြစ်နဲ့ သတ်မှတ်ထားခြင်းမျိုးကို ရှောင်ကျဉ်ပါ။

ဒါတွေဟာ သင့်တစ်ယောက်ထဲပိုင် စိတ်ကူးတွေ မဖြစ်နိုင်ပါဘူး။ အခြား တစ်စုံတစ်ယောက်မှာလည်း ဒီလို စိတ်ကူးအကြံဉာဏ်မျိုးတွေ ရှိနိုင်ပါတယ်။ စိတ်ကူးအကြံဉာဏ်တွေဟာ ကမ္ဘာလောကကြီးထဲမှာ ပျံ့လွင့်နေကြတာပါ။

အကောင်းဆုံးစိတ်ကူးတွေကို ကောက်ယူနိုင်ဖို့ သင့်ကိုယ်သင် ထိန်းချုပ်နိုင်အောင်သာ ကြိုးစားပါ။



သူမဟာ သူမရဲ့ အစွမ်းသတ္တိတွေကို လျှော့ချနေတာဆိုတာကို သူမကိုယ်တိုင်တောင် မသိပါဘူး။

mgyoe.com